ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တန့်ယန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၁၉)

(Vllage Development Project)

ကုံးမုန်အုပ်စု၊ မန်ဆိုင်းကျေးရွာ

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မန်ဆိုင်းကျေးရွာ၊ တန့်ယန်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၄
	မန်ဆိုင်းကျေးရွာ သယံဇာတပြန်လည်ပုံ၊ တန့်ယန်းမြို့နယ်	၆
	မန်ဆိုင်းကျေးရွာ ရာသီခွင်ပြပြကွဒိန်၊ တန့်ယန်းမြို့နယ်	၇
	မန်ဆိုင်းကျေးရွာ နှင့် အဖွဲ့အစည်းချိတ်ဆက်ပြန်လည်ပုံ၊ တန့်ယန်းမြို့နယ်	၈
	အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	**တည်နေရာနှင့်ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ**	၁၀
၅။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	၁၀
	(က) သီးနှံစိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၁
	(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၁
	(င) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်	၁၂

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ၁၂

၆။ **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** ၁၂

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၂

(ခ) ကျေးရွာမီးလင်းရေး ၁၃

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၁၃

၇။ ပညာရေး ၁၃

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၃

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၄

၁၀။ ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၄

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး ၁၄

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး ၁၅

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၆

အပိုင်း(ခ)
စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(၁) ၁၈

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း ၂၀

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ ၂၁

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဧယား ၆၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစာပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

မတ်လ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မန်ဆိုင်းကျေးရွာ
တန့်ယန်းမြို့နယ်

မန်ဆိုင်းကျေးရွာသယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ်




မန်ဆိုင်းကျေးရွာ ရာသီခွင်ပြပြကွဒိန်၊ တန့်ယန်းမြို့နယ်

ကုခိုး၊ မဲ့ဘုတ်ရပ်၊ မန်ဆိုင်းကျေးရွာ ရာသီခွင်ပြပြကွဒိန်

ဒဿဖြစ်ခဲ့ပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်တိုဘာ	နို	ဒီ
ကာလဒီဂုဏ်												
အာဇာပိသာကိုင်	နှမ်း၊ ကိုက်သိန်း	နှမ်း၊ ကိုက်သိန်း			စပါး+ဖရုံး၊ ခိုက်ပျို၊	စပါး+ဖရုံး၊ ခိုက်ပျို၊			သီး+ခရေး၊ ဂိုတ်ဒဒိမ်း	နှမ်း၊ ခိုက်ပျို၊		
ဆေးကျောပဏ္ဏားအား အိုသားစုများ ထင်ရှားကြွလိုကြိုဖူး (ဖော်/ နွားခွင်း/ များ)	Ks Ks Ks Ks	Ks Ks Ks Ks Ks							Ks Ks Ks Ks Ks			
အသုံးလော်တော်					Ks Ks Ks	Ks Ks Ks Ks				Ks Ks		
ရေးရွေးလိုအာပါဖူး					Ks	Ks Ks				Ks		
ထိန်းသားဖူးလိုမူ												
သောကသုံးစားလိုဖူး												
ကိုယ်ပိုင်ဆွေနီးသားလိုဖူး												
ကိုယ်ပိုင်ဆွေးရောဂါကျရောဂါဖူး												
ကျွန်းမာရေးအာဇာနဲ့ဆေးဖူး												
သိုးနှံမှုံးဆွေးရောဂါကျရောဂါဖူး												
မွေးဘော်		ထမနဲ့ဆို၊ မွဲ	တလပြင်းမွဲ	သင်္ကြန်မွဲဆော်				ဝါဆိုမွဲ	အာသွေးမွဲ	အာသွေးမွဲ	ဆောဝတ်	နှစ်သစ်ကူး မွဲဆော
သဘောဝစားအာဇာနဲ့ဂုဏ်သိ												

Scanned with CamScanner



Scanned with CamScanner

အပိုင်း(က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မန်ဆိုင်းကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ ကုန်းမုံကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာဖြစ်ပါသည်။ မန်ဆိုင်းကျေးရွာသည် တန့်ယန်းမြို့နှင့် (၂၃)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် နားဟိုင်းကျေးရွာရှိပြီး မြောက်ဘက်တွင် နားလူကျေးရွာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မန်ဆိုင်းကျေးရွာ၏ ရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သောရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧကမှာ(၄၇)ဧကရှိပါသည်။ လယ်မြေအသင့်အတင့်ရှိပြီး ကုန်းမြေပြန့်ဖြစ်ကာ မြေဆီမြေလွှာအသင့်အတင့် ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာ အနည်းငယ်ထည့်ဝင်စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာသောက်သုံးရေအတွက် စိမ့်စိမ်းရေထွက်မှရေကို သွယ်ယူအသုံးပြုလျက်ရှိပါသည်။ ရာသီဥတုသင့်တင့်မျှတသောကြောင့် စိုက်ပျိုးရေး ကောင်းမွန်စွာ ဖြစ်ထွန်းပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

မန်ဆိုင်းကျေးရွာတွင် အိမ်ထောင်စု(၆၂)အိမ်ရှိပြီး၊ ရှမ်းလူမျိုးများသာ နေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း(၂၆၃)ဦးဖြစ်ပြီး ပျှမ်းမျှတစ်အိမ်ထောင်လျှင်(၄.၂)ဦးရှိပါသည်။ မိမိတို့ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ် ကျား(၁)ဦး၊ မ(၁)ဦး၊ ၅နှစ် အောက်ကလေး ကျား(၁၂)ဦး၊ မ(၆)ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၀)ဦး၊ မ(၁၀)ဦး၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၇)ဦး၊ မ(၁၁)ဦး၊ ၁၅နှစ်မှ ၆၄နှစ်အရွယ် ကျား(၉၅)ဦး၊ မ(၁၀၂)ဦးနှင့် သက်ကြီးရွယ်အို ကျား(၆)ဦး၊ မ(၄)ဦး ရှိပါသည်။ ကလေးများအားလုံးအသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကို သင်ယူကြပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် ရှမ်းလူမျိုးများနေထိုင်ပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း၏ (၇၄%)မှာ အလုပ်လုပ်ကိုင်နိုင်သောအရွယ်ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသားဦးရေမှာ အမျိုးသမီး ဦးရေထက်ပိုနည်းပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံးအနေအထားမှာမိသားစုဝင်များစားသောက်ရန်လောက်ငရုံမျှရှိကြပါသည်။ အများစုမှာလယ်ယာမြေအနည်းငယ်စီပိုင်ဆိုင်ကာ တနိုင်တပိုင်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ အိမ်တွင်စားသုံးရန် မိမိခြံဝန်းအတွင်း အသီးအရွက်များအနည်းငယ်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် နေ့စားအလုပ်သမားဌားရမ်းရာတွင် အမျိုးသားတစ်ဦးလျှင်(၅၀၀၀)

ကျပ်မှ(၆၀၀၀)ကျပ်ထိရရှိပြီး အမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)ကျပ်မှ (၅၀၀၀)ကျပ်ထိရရှိပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့် သတ်မှတ်မှုများတွင် အိမ်ထောင်စု အားလုံး၏ (၈၅%)မှာ အလယ်အလတ် အဆင့်ရှိ ကြောင်းကောက်ယူရရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ရာသီအလိုက် စပါးနှင့် ပြောင်းတို့ကို စိုက်ပျိုးကြပြီး မြေယာမဲ့ မိသားစုများမှာ နေ့စားအငှားလိုက်ခြင်းဖြင့် လုပ်ကိုင်ရှာဖွေကြပါသည်။ စိုက်ပျိုးရေးချိန်တွင် ရာသီဥတုမမှန်၊ မိုးခေါင်ခြင်းများဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများမရှိခြင်း၊ ခြင်ထောင်ဖြင့်မအိပ်ခြင်းကြောင့် ဌက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ခံစားရလေ့ရှိပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုများကြောင့် လမ်းများချိုင့်ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ အကြွေးတင်ရှိမှုငွေပမာဏတွင် စစ်တမ်းကောက်ယူ ထားရှိသော အိမ်ထောင်စုများတွင် ချေးငွေကျပ် (၁)သိန်းမှ ကျပ်(၁၀)သိန်းအထိ အကြွေးတင်ရှိကြောင်းနှင့် အများစုမှာငွေတိုးချေးယူခြင်းနှင့် ဆွေမျိုးများထံချေးယူခြင်း တို့ပြုကြပါသည်။ အကြောင်းရင်းမှာ အစားအစာစားသုံးရန်အတွက်နှင့် လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံရန် ချေးယူ ကြခြင်းဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ကျေးရွာကော်မတီအဖွဲ့၊ သာရေး/နာရေး အဖွဲ့၊ ဘာသာရေးအဖွဲ့၊ လူငယ်အဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မန်ဆိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပေ။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မိမိကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးဧကစုစုပေါင်း(၄၇)ဧကရှိပါသည်။ ကျေးရွာမှ ထွက်ရှိသောသီးနှံများကို ရွာတွင်းနှင့် တန့်ယန်းမြို့ပေါ်ရှိ ပြောင်းပွဲရုံများ၌ သွားရောက်ရောင်းချပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် လက်တွန်းကိုသာ အသုံးပြုကြရပါသည်။ ကျေးရွာတွင် စက်ကိရိယာများဝယ်ယူရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် မိမိလုပ်အားဖြင့်သာ ကြိုးစားစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေများကို မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် (၃)ကျပ်တိုးဖြင့်ရသော်လည်း လိုအပ်သည့်အချိန်တွင် ချေးငွေများ အလွယ်တကူမရနိုင်ပါ။ မြို့နှင့်(၁၂)မိုင်ခန့်သာ ဝေးသောကြောင့် သီးနှံမျိုးစေ့၊ မျိုးကောင်း မျိုးသန့်များကို ဝယ်ယူနိုင်ပါသည်။ စိုက်ပျိုးရေးနည်းပညာ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရရှိပါ။ ပြောင်းများပိုးပါလျှင် သီးနှံများကို ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ဖျက်ပိုးနှင့် ရောဂါများလည်း အသင့်အတင့်ကျရောက်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားအင်အားများလည်း ရရှိနိုင်ပါသည်။ ကျေးရွာတွင်း စိုက်ပျိုးရေးအထောက်အကူပြု စက်ပစ္စည်းပိုင်ဆိုင်မှုနည်းသောကြောင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရာတွင် နှောင့်နှေးမှုအချို့ရှိပါသည်။ တစ်ခါတစ်ရံ မိုးရွာသွန်းမှု များသောကြောင့်သီးနှံအထွက်နည်းကြောင်းတွေ့ရတတ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနည်းပါးပြီး ကျွဲ၊ နွား၊ ကြက်တို့ကို တစ်ပိုင်တနိုင် မွေးမြူ ထားရှိသော အိမ်ထောင်စုသည် မွေးမြူရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြု သူမရှိ ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာလူထုအနေဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးခြင်းနှင့် ငွေကြေးအခက်အခဲသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တိုးချဲ့ ဆောင်ရွက်ရန် အဓိက အဟန့်အတားဖြစ်ကြောင်း သုံးသပ်ရပါသည်။ ကျေးရွာတွင် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေမှုရှိနိုင်သော်လည်း မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင် အသက်မွေးဝမ်းကျောင်းမှု ပြုကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုအသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိဘဲ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများအဖြစ် ကျေးရွာတွင်း ကုန်စုံဆိုင် သာရှိကြောင်း စစ်တမ်း ကောက်ယူရရှိပါသည်။ စိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင် အခွင့်အလမ်းရှိပြီး ကျန်အချိန်များ တွင်မူအလုပ်အကိုင်နှင့် ဝင်ငွေနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လူငယ်၊ လူရွယ်များသည် ကျေးရွာ၏ (၃၀%) ခန့်သာရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အင်းအားတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိပါသည်။ လက်သမားနှင့်ပန်းရံလုပ်ကိုင်သူအချို့ ရှိသော်လည်း အမြဲတစေလုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးရေးရာသီကုန်ဆုံးမှသာ လုပ်ကိုင်ခြင်းဖြစ်ပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ပြည်တွင်းနှင့် ပြည်ပ သွားလာသူများသည် အခြားမြို့များတွင် စားဝတ်နေရေးအတွက် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများဖြစ်ပြီး ၎င်းတို့ပြန်ပို့ငွေများအပေါ်မှီခိုနေသော အိမ်ထောင် စုများမရှိပေ။ လစဉ်ငွေပို့နိုင်ခြင်းမရှိဘဲ တစ်နှစ်(၂)ကြိမ်ခန့်သာ မိသားစုထံ ငွေပို့ပေးကြကြောင်း သိရှိရပါသည်။

(င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

မန်ဆိုင်းကျေးရွာနှင့် အနီးဆုံးဈေးဖြစ်သော မိုင်းပတ်ဈေးသို့ သွားရန်(၅)မိုင်ခန့် ကွာဝေးသောကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုနှင့် ဈေးကွက်လက်လှမ်းမီမှုအခြေအနေ အနည်းငယ် မျှသာ ကောင်းမွန်ပါသည်။

(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်းတောင်သူများသည် အများအားဖြင့် ပွဲစားများထံမှ ကြိုတင်ငွေရယူကာ စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ဆွေမျိုးသားချင်းများထံမှ နားလည်မှုဖြင့် ချေးယူထားမှုများလည်း တွေ့ရှိ ရတတ် ပါသည်။

ချေးငွေချေးယူရခြင်း၏ အဓိကအကြောင်းအရင်းမှာ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း၊ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးငွေလိုအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်း အကြွေး တင်ရှိမှုစစ်တမ်းကောက်ယူမှုအရ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများအားလုံး ကြွေးမှီတင်ရှိကြပြီး အနည်းဆုံးအကြွေး (၁)သိန်းကျပ်မှ အများဆုံး(၁၀)သိန်းကျပ်အထိ ရှိကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စုအများစုမှာ (၁)သိန်း မှ (၅)သိန်းကြား အကြွေးတင်ရှိကြောင်း တွေ့ရှိ ရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း မရှိကြောင်းတွေ့ရှိရ ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် မော်တော်ဆိုင်ကယ်၊ ထော်လာဂျီ၊ ကားတို့ကို အသုံးပြု ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာတွင်းလမ်းသည် မိုးရေကြောင့် လမ်းချော်ခြင်း၊ လမ်းများ ပျက်စီးခြင်းများကြောင့် အခက်အခဲများနှစ်စဉ်ကြုံတွေ့ရပါသည်။ မန်ဆိုင်းကျေးရွာတွင် မြစ်များ၊ ချောင်းများမရှိသောကြောင့် တံတားများမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

မိမိတို့ကျေးရွာသည် ၂၀၁၈ခုနှစ်အထိ လျှပ်စစ်မီးမရရှိသော ကျေးရွာဖြစ်ပါသည်။ အိမ်ထောင်စု အားလုံး၏(၈၀%)သည် ဆိုလာစနစ်၊ ဘတ်ထရီများကိုသာ အသုံးပြုကြောင့်တွေ့ရှိရ ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းတွင် အချို့နေရာများတွင်သာ Telenor ဖုန်းလိုင်းတစ်မျိုးတည်းသာ အသုံးပြု နိုင်ပါသည်။

၇။ ပညာရေး

မိမိတို့မန်ဆိုင်းကျေးရွာတွင် စာမတတ်သူဦးရေ ပိုမိုများပြားပါသည်။ မူလတန်းနှင့် အလယ် တန်းအဆင့်ထိသာ တက်ရောက်ကြပါသည်။ ကျောင်းတက်နှုန်းမှာ မူလတန်းအဆင့်တွင် ရာနှုန်းပြည့်တက်ရောက်သင်ကြားနိုင်သော်လည်း အလယ်တန်းအဆင့်မှစ၍ ရာခိုင်နှုန်းကျဆင်းသွား ကြောင်းလည်းလေ့လာတွေ့ရှိရပါသည်။ မိဘများ၏ပညာရေးအားပေးမှုနည်းပါးခြင်းကြောင့်သော် လည်းကောင်း၊ စားဝတ်နေရေးအဆင်မပြေမှုကြောင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင်၏ လက်တွဲ ကူညီအားပေးမှုအားနည်းခြင်းကြောင့်သော်လည်းကောင်း အဆင့်မြင့်ပညာရေးကိုဆက်၍ မသင် ကြားနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။ မြို့ကျောင်းများနှင့် ယှဉ်လျှင် လိုအပ်မှုများစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ဘွဲ့ရပညာတတ်မရှိသလောက်နည်းပါးပါသည်။ မူလတန်းတက်ရောက်သူဦးရေ များ၍ အလယ်တန်း၊ အထက်တန်းပညာနှင့် တက္ကသိုလ်ပညာအဆင့်ကိုတက်ရောက်သူနည်းပါးပါ

သည်။ ရွာအနီးတွင်ရှိသော အတန်းထိသာ သင်ယူနိုင်ကြပါသည်။ ကျောင်းသားမိဘများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့်အတွက် သား/သမီးများ၏ ပညာရေးကို မကြည့်ရှုနိုင်ပေ။ ကျောင်းသား/သူများသည် မူလတန်းပညာသင်ယူပြီးပါက မိဘများနှင့်အတူ ယာလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ဆက်လက်ပညာဆည်းပူးချင်သော်လည်း အဆင်မပြေသည့် မိဘများကို ကူညီခြင်း၊ အခြားနေရာဒေသများသို့သွား၍ အလုပ်လုပ်ကိုင်ကြပါသည်။ အသိပညာ ဗဟုသုတမရှိသော မိဘများကြောင့် ဆက်လက်ပညာမသင်ယူရသော လူငယ်များစွာရှိပါသည်။

၈။ ကျန်မာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အခြားကူးစက်ရောဂါ များမရှိသော ကျေးရွာဖြစ်ပါသည်။ သို့သော်လည်း ရာသီအလိုက်ဖြစ်တတ်သော အဖျားရောဂါ၊ ဆီးချို၊ သွေးတိုးစသည့် ရောဂါများသာ အနည်းငယ်ဖြစ်ပွားကြောင်းလေ့လာတွေ့ရှိရပါသည်။ ရာသီအလိုက်ဖြစ်တတ်သော် ရောဂါများအတွက် အခြားနီးစပ်ရာကျေးရွာများ၏ ကျေးလက်ဆေးပေးခန်းတွင် သွားရောက်ကုသကြပါသည်။ ကြီးမားသော ရောဂါများအတွက် တန့်ယန်းပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။

၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မန်ဆိုင်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ကိုင်သောရွာဖြစ်သောကြောင့် စိုက်ပျိုးသည့်အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံးရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် သစ်တောသစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာတွင် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့် သူမရှိသလောက် နည်းပါးပါသည်။ အချို့အိမ်များသည် အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပေ။အခြားသဘာဝဘေးအန္တရာယ်များ ဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းများဖြစ်ပေါ်ခြင်းနည်းပါးသည်။ ကျေးရွာအနီးအနားတွင် သယံဇာတပစ္စည်းများ မရှိပါ။

၁၀။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း ကျား–မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင်း အမျိုးသမီးအဖွဲ့နှင့် အမျိုးသားအဖွဲ့ရှိသောကြောင့် သာရေး၊ နာရေး ကိစ္စရပ်များတွင် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယေဘုယျအခြေအနေ သုံးသပ်ရပါက ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရရှိကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခပေးချေမှုများတွင်မူ အမျိုးသားများက ပိုမိုရရှိကြောင်းသိရပါသည်။ ရွာ၏အုပ်ချုပ်သူ ရွာသူကြီးမှာ အမျိုးသားဖြစ်ပါသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်လူရွယ်များအပန်းဖြေအနားယူရန် ဘောလုံးကွင်း၊ ခြင်းကွင်း၊ စာကြည့်တိုက်များ မရှိပေ။ လူငယ်လူရွယ်အများစုသည် ကျေးရွာ၏သဘောသဘာဝအရ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူငယ်အဖွဲ့ဖွဲ့စည်းထားရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

မန်ဆိုင်းကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိပါ။ ကုံးမုန်းကျေးရွာတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ မရှိသလောက်နည်းပါးသော ကျေးရွာဖြစ်ပါသည်။

၁၃။ ဦးစာပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	၁	✓				
၂	ကျေးရွာလမ်းခင်းခြင်း	၂		✓			
၃	လျှပ်စစ်မီးရရှိနိုင်ရန်	၃			✓		
၄	စာသင်ကျောင်းဆောက်လုပ်ခြင်း	၄				✓	
၅	သာရေး/နာရေးခန်းမဆောင်	၅					✓

အပိုင်း(ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ(၁)မန်ဆိုင်းကျေးရွာ

ကျေးရွာ	– မန်ဆိုင်းကျေးရွာ
ကျေးရွာအုပ်စု	– ကုန်းမုံကျေးရွာအုပ်စု
မြို့နယ်	– တန့်ယန်းမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	– ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် – စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာတွင် လက်ရှိသုံးစွဲနေသောရေသည် ဖူလုံမှုမရှိသောကြောင့် အခက်အခဲများရှိပါသည်။ • နွေရာသီတွင်လည်း ရေဖူလုံမှုမရှိသော အခက်အခဲများလည်းရှိပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • သောက်သုံးရေလုံလောက်စွာရရှိရန်၊ • ရေမဖူလုံမှု ပြဿနာမရှိစေရန်၊	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • ရွာသူ/သားများ ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ • ရေကောင်းရေသန့်ရရှိခြင်း၊ • ကျေးရွာလည်း ယခင်ကထက်ပိုမိုတိုးတက်လာပါမည်၊	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) • စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀(ငွေသား) • ၅၁၀၀၀၀၀၀(ငွေသား) • xxxxxxxxx(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၃၁	၁၃၄	၂၆၅	၁	၉	၄၀	၁၂	၆၂
အကျိုးခံစားမည့်သူဦးရေ	၁၃၁	၁၃၄	၂၆၅	၁	၉	၄၀	၁၂	၆၂
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း

- မန်ဆိုင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း- ၃-၈-၂၀၁၈

(၃) စီမံချက်ပြီးစီးမည့်အချိန်- ၃၀-၉-၂၀၁၈

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်-

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- စိမ့်စမ်းရေသွယ်ယူရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများအကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှုအလွဲအပြောင်း လုပ်ဆောင်ပါမည်။
- ရေကန်နှင့် ရေပိုက်များပျက်စီးမှုရှိပါက ရေအသုံးပြုသောအိမ်များမှ ကုန်ကျစရိတ်ကို မျှဝေကောက်ခံသွားပါမည်။
- ရေကန်နှင့် ရေပိုက်အခြေအနေအား ရေရှည်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ကုန်းမုံကျေးရွာအုပ်စု၊ မန်ဆိုင်းကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးစိုင်းအောင်ခမ်း	ဦးဆန်အောင်	၁၃/တယန(နိုင်)၀၂၂၃၇၂	၅၅	ဥက္ကဋ္ဌ	
၂	နန်းနွတ်	ဦးပူလွယ်ဆန်မူး	-	၄၀	အတွင်းရေးမှူး	
၃	ဦးစိုင်းကျော်	ဦးပန်း	၁၃/တယန(နိုင်)၀၁၃၃၇၉၉	၅၅	စာရင်းကိုင်	
၄	ဦးရီထွန်း	ဦးပူလွယ်ဆန်လှ	၁၃/တယန(နိုင်)၀၇၈၁၄၀	၅၀	ဘဏ္ဍာရေးမှူး	
၅	ဦးစိုင်းလူးဆာ	ခင်းဆာ	၁၃/တယန(နိုင်)၀၇၈၁၃၅	၄၂	သေ့ကိုင်(၁)	
၆	လုံးထွန်း	ဦးလုံးဆန်ဆွေ	၁၃/တယန(နိုင်)၀၇၀၄၅၅	၄၄	သေ့ကိုင်(၂)	
၇	ဦးလုံးဝင်း	ဦးချင်းဆု	၁၃/တယန(နိုင်)၀၇၀၃၇၂	၅၄	အဖွဲ့ဝင်	

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးစိုင်းအောင်ခမ်း	ဦးဆန်အောင်	၁၃/တယန(နိုင်)၀၂၂၃၇၂	၅၅	ဥက္ကဋ္ဌ	
၂	ဦးရီထွန်း	ဦးပူလွယ်ဆန်လှ	၁၃/တယန(နိုင်)၀၇၈၁၄၀	၅၀	ဘဏ္ဍာရေးမှူး	
၃	ဦးစိုင်းလူးဆာ	ခင်းဆာ	၁၃/တယန(နိုင်)၀၇၈၁၃၅	၄၂	သေ့ကိုင်(၁)	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁	၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၆	၁၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၀	၁၀	၂၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇	၁၁	၁၈		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၉၅	၁၀၂	၁၉၇		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၄	၁၀		
စုစုပေါင်း		၁၃၁	၁၃၄	၂၆၅		
စုစုပေါင်း အိမ်ထောင်စု		၆၂				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ မန်ဆိုင်းကျေးရွာတွင် ရှမ်းလူမျိုးတစ်မျိုးတည်းသာနေထိုင်ပါသည်။ ယောကျ်းလေးဦးရေထက် မိန်းကလေးဦးရေများပါသည်။.....

.....

.....

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၂၃	၁၃၀	၁၀	၆၀	၇၀		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၃	၁၀၀	၄	၄၀	၆၀		မြင့် ☐ လတ် ☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂	၄					
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ ကိုယ်ပိုင်လယ်လုပ်ငန်းနှင့်တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းသာရှိ၍အခြားလုပ်ငန်းများမရှိပါသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ပေးရန်လိုအပ်ပါသည်။.....

.....

.....

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-		
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-		
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-		
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-		
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-		
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-		
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-		

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ တစ်ရက်လုပ်အားခမှာအမျိုးသမီးလုပ်အားခထက်အမျိုးသားလုပ်အားခပိုများနေသည်ကိုတွေ့ရပါသည်။

.....

.....

.....

.....

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၄၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၂၀	ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၆၇	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ မြေလွတ်မြေလပ်များကိုစိုက်ပျိုးနိုင်ရန်နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသင့်.....

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သည်။)			
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ သဘာဝတိရစ္ဆာန်မျိုးစိတ်များနည်းပါးသည်ကိုတွေ့ရသည်။သတ္တုနှင့်အခြားတွင်းထွက်များမရှိပါ။

.....

.....

.....

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်✓	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်✓ ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့် ✓	နည်း	မရှိ ✓
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း ✓
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ မြေယာပိုင်ဆိုင်မှုမှာခိုင်မာသောပိုင်ဆိုင်မှုမရှိပါ။.....

.....

.....

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၁၀	၄	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____✓_____ လုပ်အားခကြိုယူ = _____✓_____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၁၃	၅	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____✓_____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၂၃	၅	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာအောင်ကူညီဆောင်ရွက်ပေးသင့်။.....

.....

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၁	-	၁

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ရပ်မိရပ်ဖများ၏ပြောပြချက်အရသိရပါသည်။.....

.....

.....

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓		✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)						
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ	✓					
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်			✓			✓

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-

အိမ်ထောင်စုဝဝတွင် ၂၅အိမ်ထောင်စုအောက် - နိမ့်
အိမ်ထောင်စုဝဝ တွင် ၂၅ မှ ၅၀အိမ်ထောင်စု - လတ်၊
အိမ်ထောင်စုဝဝတွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။။။ မိုးရာသီတွင် ငှက်ဖျားနှင့်ရာသီတုတ်ကွေးများအနည်းငယ် ဖြစ်တတ်ပြီး၊ ဝေးလံခေါင်သီသော ကျေးရွာသို့ သွားရာတွင်လည်းလမ်းပန်းဆက်သွယ်ရာတွင်ခက်ခဲပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)	စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)

	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်						
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။ လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်ပညာတတ်မြောက်မှုနည်းပါးသဖြင့်မည်သည့်အကြောင်းအရာမျိုးတွင်မဆိုထိခိုက်မှု လွယ်ပါသည်။.....

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဟိန်းမေတ္တာ	၁☑၂☐၃☐	၄၀	၆၀	၁၀၀	ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၂	သာရေး/နာရေး	၁☐၂☑၃☐	၁၀	၁၅	၂၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	ဘာသာရေး	၁☐၂☑၃☐	၈	၁၀	၁၈	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	လူငယ်အဖွဲ့	၁☐၂☑၃☐	၁၀	၁၅	၂၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၅		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၆		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၇		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။။ ဟိန်းမေတ္တာငွေစုငွေချေးအဖွဲ့၊သာရေး/နာရေးအဖွဲ့၊ဘာသာရေးအဖွဲ့နှင့်လူငယ်အဖွဲ့(၄)ဖွဲ့သာရှိပါသည်။

.....

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ထွေ/အုပ်	၁☐၂☐၃☑၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၂	ကျန်းမာရေး	၁☐၂☐၃☑၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၃		၁☐၂☐၃☐၄☑၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ရန်စိတ်ဝင်စားမှုမရှိပါသဖြင့်စိတ်ပါဝင်စားလာအောင်ကူညီဆောင်ရွက်ပေးသင့်။

.....

.....

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၃	၄	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၀	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၅	၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၅		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၄၈	၁၄	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ စိုက်ပျိုးမြေများတွင်တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်အောင်ရည်ရွယ်၍နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသင့်ပါသည်။.....

.....

.....

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၃	တစ်နှစ်ပတ်လုံး□ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။။။ စိမ့်စမ်းရေတစ်ခုသာအားကိုးရသည့်အတွက်ရေသွင်းနိုင်ရန်ဆည်မြောင်းများလိုအပ်ပါသည်။

.....

.....

.....

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧကာ	တစ်ဧကာအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေး ရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၄၀	တင်း/ဝိသာ	၂၅	၃၀	၂၅	ဇွန်	ဒီဇင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်□ နိမ့်☑
ပြောင်း	၇	တင်း	၂၅	၃၀	၂၅	ဇွန်	ဒီဇင်ဘာ	မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ စပါးနှင့်ပြောင်းသာစိုက်ပျိုးပြီးအခြားသီးနှံများမစိုက်ပျိုးပါ။

.....

.....

.....

.....

